www.burmeseclassic.com


## သုတပြည့်စုံ ဗုဒ္ဓကြေးမုံ

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပုံနှိပ်ခြင်း | ◈ | ပထမအကြိမ်၊ အုပ်ရေ (၁၀၀၀) |
| ထုတ်ဝေသည့်ကာလ | ◈ | ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ။ |
| ထုတ်ဝေသူ | ◈ | ဒေါ်မျိုးမျိုးလတ်<br>ရွှေခေတ်စာပေ<br>အမှတ်(၂၁)၊ ဒါနလမ်း၊ သာယာကုန်း၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် | ◈ | ဦးမျိုးမြင့်ကျော်<br>မြတ်ထက်ဟိန်းပုံနှိပ်တိုက်<br>တိုက် (၈)၊ အခန်း (၀၀၄)<br>ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ ရန်ကုန်မြို့။ |
| အတွင်းဖလင် | ◈ | ကိုဦး (၀၉ ၅၀၇၀၆၆၃) |
| မျက်နှာဖုံး | ◈ | ဝေယံ (တောင်ကြီး) |
| အတွင်းအပြင်အဆင် | ◈ | နေရီရီ |
| တန်ဖိုး | ◈ | ၁၂၀၀ ကျပ် |

အရှင်ပညာဝံသ (မရမ်းကုန်း) CIP - 294.3
သုတပြည့်စုံ ဗုဒ္ဓကြေးမုံ - ရန်ကုန်။
မဇ္ဈိမစာပေ၊ ၂၀၁၄။
ဈ - ၁၇၀ ၊ ၁၀·၅ × ၇·၃ စင်တီ။


www.burmeseclassic.com

www.burmeseclassic.com




- ဥပေက္ခာပါရမီဖြည့်ကျင့်တော်မူပုံ ၆၀
- ပါရမီ (၁၀)ပါး၊ အပြား (၃၀) ၆၁
- စရိယာ (၃)ပါး ၆၂
- စွန့်ခြင်းကြီး ငါးပါး ၆၂
- အတုမရှိစွန့်လွှတ်၍ အတုမရှိအောင်မြင်ခြင်း ၆၃

၂။ အလောင်းတော် သိဒ္ဓတ္ထမင်းသား ဘဝဖြစ်စဉ် ၆၇
- နတ်ပြည်မှ စုတေတော်မူခြင်း ၆၇
- ကြည့်ခြင်းကြီး (၅)ပါး ၆၈
- လုမ္ဗိနီဥယျာဉ်၌ ဖွားတော်မူခြင်း ၆၉
- ကျူးရင့်ကြွေးကြော်သော စကားသုံးခွန်း ၆၉
- အလောင်းတော်အား ထီးနန်းလွှဲအပ်ခြင်း ၇၀
- နိမိတ်ကြီး (၄)ပါး မြင်တော်မူခြင်း ၇၃
- တောထွက်တော်မူခြင်း ၇၃
- မာရ်နတ်တား၍ နတ်ဗြဟ္မာများ ကြိုဆိုခြင်း ၇၃
- တစ်နန်းတော်လုံး ငိုကြွေးကြခြင်း ၇၅
- ဗိမ္ဗိသာရမင်း တွေ့ဆုံလျှောက်ထားခြင်း ၇၅

၃။ ဒုက္ကရစရိယာကျင့်တော်မူခြင်း ၇၉
- သိဒ္ဓတ္ထသေပြီဟု နတ်တို့ထင်ခြင်း ၇၉
- သုဇာတာ ဃနာနို့ဆွမ်း ကပ်လှူခြင်း ၈၁
- မာရ်နတ်ရန်ကို အောင်တော်မူခြင်း ၈၁
- ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း ၈၃
- သဗ္ဗညုတဉာဏ်တော်၏ စွမ်းရည်သုံးမျိုး ၈၄
- ဘုရားအမည်ခံ တိတ္ထိဆရာကြီး (၆)ဦး ၈၄
- သတ္တသတ္တာဟ စံနေတော်မူခြင်း ၈၆
- တပုဿ ဘလ္လိကညီနောင် မုန့်ဆွမ်းဦးလှူခြင်း ၈၈


www.burmeseclassic.com

www.burmeseclassic.com




- တရားဟောရန် သဟမ္ပတိဗြဟ္မာကြီးတောင်းပန်ခြင်း ၈၉
- လောကီဆရာကြီးနှစ်ဦးကွယ်လွန်သွားခြင်း ၉၀
- ဓမ္မစကြာတရားဦးဟောတော်မူခြင်း ၉၁
- ဗာရာဏသီသူဌေးသားယသနှင့်(၅၅)ဦးရဟန်းပြုခြင်း ၉၂
- သာသနာပြုစေလွှတ်တော်မူခြင်း ၉၃
- ရသေ့တစ်ထောင်တို့အားတန်ခိုးဖြင့်ချေချွတ်ခြင်း ၉၅

၄။ ရာဇဂြိုဟ်ပြည်သို့ကြွချီတော်မူခြင်း ၉၉
- ဗိမ္ဗိသာရမင်း၏ ချစ်ခြင်း(၅)မျိုး ၉၉
- ဝေဠုဝန်ကျောင်းလှူပွဲကြီး ၁၀၀
- ဗိမ္ဗိသာရ၏ဆွေမျိုးဟောင်းပြိတ္တာများ ၁၀၁
- ဥပတိဿ၊ကောလိတတို့နှင့်သိဥ္စည်းဆရာကြီး ၁၀၃
- သတိပဋ္ဌာန်ကမ္မဋ္ဌာန်း၏ဆွဲဆောင်မှု ၁၀၄
- လူ့အတန်းအစား(၂)မျိုး ၁၀၄
- ပထမဆုံးသံဃာအစည်းအဝေးကြီး ၁၀၅

၅။ ကပိလဝတ်ပြည်သို့ကြွတော်မူခန်း ၁၀၉
- တမန်တော်အမတ်များစေလွှတ်ခြင်း ၁၀၉
- ကာဠုဒါယီအမတ်ပင့်ဆောင်ခြင်း ၁၁၀
- နိဂြောဓာရုံကျောင်းတော်သို့ပင့်ဆောင်ခြင်း ၁၁၁
- ရေမီးအစုံစုံတန်ခိုးပြာဋိဟာပြ၍သာကီဝင်မင်းတို့၏ မာနကိုချိုးနှိမ်တော်မူခြင်း ၁၁၂
- ဗုဒ္ဓဝင်ဟောကြားရန် တောင်းပန်ခြင်း ၁၁၄
- ကပိလဝတ်ပြည်၌ဆွမ်းခံကြွတော်မူခြင်း ၁၁၆
- ယသော်ဓရာတိုက်ခန်းသို့ကြွတော်မူခြင်း ၁၁၇
- ညီတော်နှင့်သားတော်တို့အားရှင်ရဟန်းပြုပေးခြင်း ၁၁၉
- သာကီဝင်နောင်ရေးမင်းကြီးပူဆွေးခြင်း ၁၂၀


www.burmeseclassic.com

www.burmeseclassic.com




- သာဝတ္ထိပြည် အနာထပိဏ်သူဌေးကြီးနှင့် ဝိသာခါကျောင်းအမကြီး ၁၂၁
- ကျောင်းဒကာကြီးအနာထပိဏ် ၁၂၂
- ကျောင်းအမကြီးဝိသာခါ ၁၂၃
- ဘုရားရှင်၏နေ့စဉ်ဆောင်ရွက်မြဲ ဗုဒ္ဓကိစ္စငါးပါး ၁၂၅
- ပုရေဘတ္တကိစ္စ = နံနက်ခင်းလုပ်ငန်းစဉ် ၁၂၅
- ပစ္ဆာဘတ္တကိစ္စ = နေ့လယ်လုပ်ငန်းစဉ် ၁၂၆
- ပုရိမယာမကိစ္စ = ညဦးယံလုပ်ငန်းစဉ် ၁၂၈
- မဇ္ဈိမယာမကိစ္စ = သန်းခေါင်ယံလုပ်ငန်းစဉ် ၁၂၉
- ပစ္ဆိမယာမကိစ္စ = မိုးသောက်ယံလုပ်ငန်းစဉ် ၁၂၉
- အနှစ်နှာလည်းခံ ဉာဏ်အမြင်လည်းရှိခြင်း ၁၃၀
- သာသနာတော်တိုးတက်ထွန်းကားလာခြင်း ၁၃၁
- မြတ်စွာဘုရားရှင် ဝါဆိုတော်မူရာမြို့ရွာဒေသများ ၁၃၂
- ဘုရားရှင်အားနှောင့်ယှက်တိုက်ခိုက်ကြသူများ ၁၃၃
- သာသနာ့ကျက်သရေဆောင် သာသနာ့ဝန်ဆောင် (၄)ဦး ၁၃၅
- ဘုရားရှင်၏ပရိနိဗ္ဗာန်အကြိုခရီး ၁၃၆
- နာဠန္ဒာနှင့်ပါဋလိရွာ တရားပွဲ ၁၃၇
- ကောဋိရွာမှဝေသာလီပြည်သို့ ၁၃၈

၆။ မြတ်စွာဘုရားရှင်၏နောက်ဆုံးနှစ် နောက်ဆုံးခရီး ၁၄၃
- ဗုဒ္ဓအပေါ်သံဃာ၏ဆန္ဒနှင့် သံဃာ့အပေါ်ဗုဒ္ဓ၏ဆန္ဒတော် ၁၄၃
- အဂ္ဂသာဝကကြီးနှစ်ပါး ပရိနိဗ္ဗာန်ပြုတော်မူခြင်း ၁၄၄
- အာယုသင်္ခါရလွှတ်ကြောင်း အသိပေးတော်မူခြင်း ၁၄၆
- သွေးဝမ်းရောဂါပြင်းထန်စွာ ခံစားတော်မူခြင်း ၁၄၈
- မြတ်စွာဘုရား၏နောက်ဆုံးနေ့ ၁၅၀
- မြတ်စွာဘုရား၏နောက်ဆုံးသာဝက ၁၅၁


www.burmeseclassic.com

www.burmeseclassic.com



# စာရေးသူ ၏ အမှာစာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားအပေါင်းတို့သည် လွန်ခဲ့သော ရှေးနှစ်ပေါင်းများစွာအချိန်ကာလကတည်းကပင် အတူတကွလက်တွဲ၍ ဥမကွဲသိုက်မပျက် စည်းလုံး ညီညွတ်စွာ နေထိုင်ခဲ့ကြသော လူမျိုးများဖြစ်ကြသည်။

ရေ၊ မြေ၊ တောတောင် ပထဝီဝင်အခြေအနေ ဒေသန္တရအခြေအနေရ ကွဲပြားမှု အနည်းငယ် ရှိကြသော်လည်း များသောအားဖြင့် ယဉ်ကျေးမှုဓလေ့ထုံးစံတို့ တူညီကြပါသည်။ မဇ္ဈိမဒေသတွင် မြတ်စွာဘုရား ပွင့်ထွန်းတော်မူ၍ ဘုရားရှင်သည် မြန်မာပြည် သုဝဏ္ဏဘူမိ သထုံပြည်နှင့် ဓညဝတီ၊ ရခိုင်ပြည်သို့ ဒေသစာရီ ကြွချီတော်မူသောအခါ မြန်မာပြည်ဖွား တိုင်းရင်းသားတို့သည်လည်း မြတ်စွာဘုရား၏ တရားတော်များကို မှတ်သား နာယူကြရသည်။ တကောင်းခေတ်၊ သရေခေတ္တရာခေတ်၊ ဝေသာလီခေတ်၊ သုဝဏ္ဏဘူမိခေတ်၊ ဟန်လင်းခေတ်၊ ပျူခေတ်တို့တွင် မြန်မာတိုင်းရင်းသားတို့သည် ရဟန်းခံ၊ ရှင်ပြုမင်္ဂလာများကို ခံယူကြကာ မြန်မာ့ယဉ်ကျေးမှုများ မြင့်တက်နေကြပြီး ဖြစ်ကြောင်းသမိုင်းမှတ်တမ်းများအရ လေ့လာသိရှိခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူသည် ဗုဒ္ဓစာပေကို ငယ်စဉ်တောင်ကျေး ကလေးဘဝကပင် အထူးစိတ်ဝင်စားသူပင် ဖြစ်ပါသည်။ ဗုဒ္ဓစာပေကိုလည်း ငယ်စဉ်ကပင် လေ့လာလိုက်စားခဲ့ပါသည်။ စာရေးသူမှာ နိုင်ငံကျော် စာရေးဆရာ ဖြစ်ချင်တဲ့ဆန္ဒကလည်း အမြဲရှိနေပါသည်။ ဖြစ်နိုင်အောင်လည်း အမြဲကြိုးစားလျက်ရှိပါသည်။ စာရေးသူ လေ့လာဖတ်ရှုထားသော ဗုဒ္ဓစာပေများကိုလည်း လူငယ်မောင်မယ်များ အလွယ်တကူ သိစေချင်သောကြောင့် ဤသုတပြည့်စုံ ဗုဒ္ဓကြေးမုံခေါ် ဗုဒ္ဓဖြစ်တော်စဉ်များနှင့် ဗုဒ္ဓဝင်အကျဉ်းချုပ် ကျမ်းငယ်တစ်စောင်ထုတ်ဝေရန် ရည်ရွယ်ချက် ရှိခဲ့သည်မှာကြာခဲ့ပါပြီ။

ယခုအခါ ထိုရည်ရွယ်ချက်အတိုင်း ဤသုတပြည့်စုံ ဗုဒ္ဓကြေးမုံစာအုပ်ကို ထုတ်ဝေနိုင်သည့်အတွက် စာရေးသူမှာ မိမိ လေ့လာသိရှိထားသော ဘာသာရေးအသိများကို လူငယ်မောင်မယ် များထံသို့ မျှဝေပေးလိုက်ရခြင်းကြောင့် အထူးပင် ကြည်နူးမိပါသည်။ စာရေးသူသည် ဤစာအုပ်၏အမည်ကို သုတပြည့်စုံ ဗုဒ္ဓကြေးမုံဟု အမည်ပေးထားရခြင်းနှင့် ပတ်သက်၍ အနည်းငယ်ရှင်းပြချင်ပါသည်။

ပါဠိတော်များတွင် ကြေးမုံကိုမှန်လို့ ခေါ်ပါသည်။ ဗုဒ္ဓကို မြန်မာလို ဘုရားဟုခေါ်ဆိုခြင်းဖြစ်ပါသည်။ မိမိ၏အလှကို သိလို၊ မြင်လိုသော လူငယ်မောင်မယ်တို့သည် ကြေးမုံမှန်ရှေ့တွင် ကြည့်ရှု၍ မိမိ ၏အလှကို သိနိုင်မြင်နိုင်သလို ဗုဒ္ဓဘုရား၏ဘဝဖြစ်တော်စဉ်များကို လည်း ဗုဒ္ဓဟုသုတပြည့်စုံစွာဖော်ပြထားသဖြင့် ဤကျမ်းစာအုပ်၏ အမည်ကိုလည်း သုတပြည့်စုံ ဗုဒ္ဓကြေးမုံဟု အမည်ပေးထားရခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဓညဝတီခေတ် စန္ဒာသူရိယမင်းလက်ထက်နှင့် ပုဂံခေတ် အနော်ရထာမင်း လက်ထက်သို့ ရောက်သော အခါ ဗုဒ္ဓဘာသာသည် နိုင်ငံတော်ဘာသာ ဖြစ်လာပြီး ဗုဒ္ဓယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကို အမျိုးသားယဉ်ကျေးမှု ထုံးစံအဖြစ် တညီတညွတ်တည်း လက်ခံလိုက်နာ ကျင့်သုံးလာကြသည်။ ဝေသာလီခေတ် သုဝဏ္ဏဘုမ္မိခေတ်၊ ပုဂံခေတ်မှ စတင်ခဲ့သော အမျိုးသားယဉ်ကျေးမှု အမွေအနှစ်တို့သည် ဆုတ်ယုတ်သည်မရှိ တိုးတက်လာသည်ထက် တိုးတက်ကျယ်ပြန့်လာကြသည်မှာ မျက်မှောက်ခေတ် အထိပင် ဖြစ်လေသည်။ မြန်မာနိုင်ငံသားတို့သည် လူမျိုးအားဖြင့် အနည်းငယ် ကွဲပြားကြသော်လည်း ထိုလူမျိုးအများစုတို့သည် တညီတညွတ်တည်း ကိုးကွယ်သောဘာသာမှာ ဗုဒ္ဓဘာသာ ဖြစ်သဖြင့် အမြင်ချင်းတူညီကြသည်။ မြန်မာ့အနုပညာ ယဉ်ကျေးမှု လက်ရာတို့သည် အာရှတိုက်တွင် စံထားဖွယ်ရာ လေးစားစရာ ဖြစ်လာကြသည်။ ဗုဒ္ဓတရားတော်မှရရှိသော စုစည်း ညီညွတ်မှုအားမာန်ကြောင့် အိမ်နီးချင်းနိုင်ငံတို့အလယ် ထည်ထည်ဝါဝါ ထင်ရှားစွာရပ်တည်နိုင်ခဲ့သည်။ ပုဂံခေတ်၊ "မြောက်ဦးခေတ်" အနုပညာ လက်ရာများအား မြန်မာ့ကျက်သရေနှင့် ဗုဒ္ဓဘာသာ ဂုဏ်ရောင်ကို ထာဝရဆောင်နေကြပါသည်။

မြန်မာပြည်ဖွားတိုင်းရင်းသားတို့သည် ယနေ့မှစ၍ မိမိတို့၏ အမျိုးဘာသာ သာသနာကို ထာဝရ စောင့်ရှောက်နိုင်ကြပါစေကြောင်း။

**အရှင်ပညာဝံသ (မရမ်းကုန်း)**

www.burmeseclassic.com

www.burmeseclassic.com



# စာရေးသူ၏ ထေရုပ္ပတ္တိအကျဉ်း

ဆရာတော် ဘဒ္ဒန္တပညာဝံသအား ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ချောင်းနက်ကျေးရွာ ခမည်းတော် ဦးမောင်စောနု၊ မယ်တော် ဒေါ်အေးသိန်းဦးတို့မှ ကောဇာသက္ကရာဇ် (၁၃၃၇)ခုတွင် မီးရှူးသန့်စင် ဖွားမြင်ခဲ့ပါသည်။

ဆရာတော်လောင်းလျာ သုံးနှစ်သားအရွယ်တွင် မိခင်၏ မွေးရပ်ဇာတိရွာဖြစ်သော ကျောက်ဖြူမြို့နယ်၊ အဝပြင်ကျေးရွာ အဘိုးအဘွားများထံသို့ ပြောင်းရွှေ့နေထိုင်ခဲ့ပြီး အသက် (၁၃)နှစ် အရွယ်တွင် အဘိုးအဘွားတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ အဝပြင် တောင်ကျောင်းဆရာတော် ဦးပဏ္ဍိစ္စကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဘွဲ့အမည်မှာ ရှင်ပညာဝံသဖြစ်သည်။ ရှင်ပညာ ဝံသသည် ဆရာတော် ဦးပဏ္ဍိစ္စထံတွင် ပရိတ်ကြီး၊ သင်္ဂြိုဟ်၊ သဒ္ဒါ၊ ဝိနည်း စသော အခြေခံပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပါသည်။

www.burmeseclassic.com



ကောဇာသက္ကရာဇ် (၁၃၆၀)ခု တပေါင်းလပြည့်ကျော် (၆) ရက်၊ ညနေ (၄)နာရီ အချိန်တွင် အဝပြင်တောင်ကျောင်း ခဏ္ဍသိမ်တော်ကြီး၌ သံဝရဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ဦးလေးဖြစ်သူ ဦးမောင်တောက်၊ ဒေါ်သိန်းသိန်းတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ရဟန်းတစ်ဝါအရတွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်း မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မာလာလမ်း၊ သာသနဩဘာသတကျောင်း တိုက်သို့ ရောက်ရှိ၍ ဆရာတော် ဦးပညာသီရိထံတွင် ပရိယတ္တိစာပေများကို ကျမ်းကြီးပေါက် သင်ယူဆည်းပူးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရွှေကျင်ကျောင်းသစ်၊ ဆရာတော် ဦးနရိန္ဒထံတွင် ငယ်၊ လတ်၊ ကြီးဆိုင်ရာ ပရိယတ္တိစာပေများကို ထပ်မံ သင်ယူဆည်းပူးခဲ့၍ ကမ္ဘာအေး အဘိဓမ္မာသင်တန်းတွင် ဆရာတော် အရှင်ပညာသီရိလင်္ကာရ ပိဋကတ် (၂)ပုံခွဲအောင်နှင့် မဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့ရ ဘဒ္ဒန္တသုဗြဟ္မ ပိဋကတ်(၁)ပုံဆောင် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝါယမသာရ သင်တန်းမှူးဆရာတော် သာသနဓဇ ဓမ္မာစရိယ M.A (Q) စသော ဆရာတော်များထံတွင်အဘိဓမ္မာ ဘာသာရပ်များကို တတ်မြောက်အောင် သင်ယူဆည်းပူးခဲ့ပါသည်။

## သာသနာရေးနှင့် လူမှုရေးလုပ်ဆောင်ချက်များ

မိမိမွေးရပ်ဇာတိရွာ ဖြစ်သော ကျောက်ဖြူမြို့နယ်၊ အငြိမ်



www.burmeseclassic.com

www.burmeseclassic.com



တောင်ရွာ၊ ရွာဦးဘုန်းတော်ကြီးကျောင်းအနီး၌ ဝေသာလီခေတ် ဗုဒ္ဓရုပ်ပွားတော်မြတ်နှစ်ဆူကို ရပ်မိရပ်ဖများနှင့် လူပျိုအပျို အဖွဲ့တို့ကို ဦးဆောင်ဦးရွက်ပြုကာ ဘုန်းတော်ကြီးကျောင်းအနီး မဟာဗောဓိညောင်ပင် နှစ်ပင်အောက်သို့ တစ်ဆူစီပင့်ဆောင်၍ ဘုရားပလ္လင်ပြုလုပ်ကာ ရပ်သူရွာသားများနှင့် နယ်သူနယ်သားအများ ဖူးမြော်ပူဇော်နိုင်ရန် ဆောင်ရွက်ပေးခြင်း။

အဝပြင်တောင်ရွာ၊ လူပျို အပျိုအဖွဲ့တို့နှင့် ပူးပေါင်း၍ "ပညာရောင်ခြည်"စာကြည့်တိုက် ဖွင့်လှစ်ပေးခြင်း၊ အဝပြင်တောင်ရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲအား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ရရှိနိုင်ရေးအတွက် (၂၀၀၉/ ၂၀၁၀) ပညာသင်နှစ်မှစ၍ ကျောင်းဖြစ်မြောက်ရေးကော်မတီ အဖွဲ့ကို ဦးဆောင်ဖွဲ့စည်းကာ ယနေ့အထိတိုင် ဆောင်ရွက်ပေးလျက်ရှိခြင်း။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မာလာလမ်းရှိ သာသနာ့ဟိတ ကျောင်းတိုက်တွင် ပထမအကြိမ်မြောက် (၇) ရက် တရားစခန်းပွဲကို (၃၀–၇–၂၀၁၁)နေ့တွင် စတင်ဖွင့်လှစ်ပေးခဲ့ပြီး အခါအားလျော်စွာ ဝါတွင်းဥပုသ်နေ့တိုင်း အချိန်ပိုင်း တရားစခန်း ဖွင့်လှစ်ပေးခြင်း။

ယောဂီများ တရားအားထုတ်ဆောင်နေရာ မလုံလောက်သဖြင့် မူလကျောင်းဟောင်းကြီးအစား (၃)ထပ် သာသနာ့ဟိတကျောင်း ဆောင်ကြီး ပြီးစီးအောင် ဦးစီးဦးဆောင်ကာ ဆောင်ရွက်လျက်ရှိခြင်း။

www.burmeseclassic.com



# ကမ္ဘာတည်ပြီးနောက် မဟာဗောဓိပလ္လင်တည်ရာမြေ ပေါ်လာခြင်း

ကမ္ဘာမြေကြီး ပထမဦးစွာပေါ်ပေါက်လာသောအခါ ဘုရားသခင်တို့၏ ပွင့်တော်မူရာဖြစ်သော မဟာဗောဓိပလ္လင် တည်ရာမြေအရပ်သည် ရှေးဦးစွာဖြင့်ပေါ်၍လာ၏။ ကမ္ဘာပျက်သောအခါ၌လည်း နောက်ဆုံးမှပျက်၏။ ထိုမြေ၌ ပုဗ္ဗနိမိတ်ဖြစ်သော ကြာပဒုမ္မာပင်သည် ပေါက်ရောက်လာလေသည်။ ထိုကြာပင်သည် ဘုရားမပွင့်သော ကမ္ဘာဖြစ်မူ အပွင့်မရှိဘဲ ပကတိတည်နေ၏။ ဘုရားပွင့်အံ့သော ကမ္ဘာတွင်မူကား ဘုရားအရေအတွက်နှင့်မျှ ပွင့်လေသည်။

ထိုကြာပွင့်တို့ကိုမြင်ကြသော ဗြဟ္မာတို့သည် ကြာပွင့်၏ အရေအတွက်အတိုင်း ဘုရားပွင့်ကြသည်ကို သိကြကုန်၏။ ထိုဘုရားပွင့်ကုန်သောကမ္ဘာတို့တွင် တစ်ဆူပွင့်အံ့ သာရကမ္ဘာ၊ နှစ်ဆူပွင့်အံ့ မဏ္ဍကမ္ဘာ၊ သုံးဆူပွင့်အံ့ ဝရကမ္ဘာ၊ လေးဆူပွင့်အံ့ သာရမဏ္ဍကမ္ဘာ၊ ငါးဆူပွင့်အံ့ ဘဒ္ဒကမ္ဘာဟူ၍ အမည်မှည့်ခေါ်သမုတ်ကြကာ ကြာပွင့်တွင် ပါသော သင်္ကန်း၊ သပိတ်၊ ပရိက္ခရာရှစ်ပါးတို့အား ဗြဟ္မာတို့



www.burmeseclassic.com

www.burmeseclassic.com



ရာဇာအမည်ရှိသော ရောင်ခြည်တစ်ထောင်ကိုဆောင်သော နေမင်းကြီးသည် တပေါင်းလပြည့်နေ့၊ မိန်ရာသီ နှစ်ဆယ့်ခြောက်လုံး ဥတ္တရဘဒ္ဒြပိုဒ် နက္ခတ်ကိုစီးလျက် ပြုဗ္ဗဝိဒေဟကျွန်း၏အလယ် ဥဒည်တောင်ထိပ်မှ ထွက်ပေါ်လာပြီး ကမ္ဘာကြီးတစ်ခုလုံးအား အလင်းရောင်ကို ဖြစ်စေ လေတော့သည်။

ထိုအခါ ကမ္ဘာဦးသူတို့သည် ကြောက်ခြင်းကင်း၍ ရဲရင့်ခြင်းဖြစ်ကြကုန်သောကြောင့် နေကို သူရိယ ဟူ၍ခေါ်ဝေါ်သမုတ်ကြလေသည်။ ထိုသို့ထွက်ပေါ်လာသောနေမင်းသည် နာရီသုံးဆယ်ခန့်လှည့်၍ ကွယ်လေသော် အမိုက်မှောင်အတိဖြစ်၍ ကမ္ဘာဦးသူတို့သည် တစ်ခုသောအလင်းရောင်ကို ရစေသတည်း ဟုတောင်းကြသည်ရှိသော် အတွင်းကားပတ္တမြား အပကား ငွေဖြင့်ပြီးသော အချင်းလေးဆယ့်ကိုးယူဇနာ၊ အဝန်းက လေးဆယ့်ခုနစ်ယူဇနာရှိသော ချမ်းအေးသော အလင်းရောင်တို့ကို ဆောင်လျက် လမင်းသည် ကန်ရာသီ၌ တစ်ဆယ့်နှစ်လုံး ဉတ္တရဖလဲဂုနီနက္ခတ်စီးလျက် နက္ခတ်တာရာကြယ်အပေါင်းခြံရံလျက် အရှေ့မျက်နှာမှ ထွက်ပေါ်လာသည်ရှိသော် ကမ္ဘာဦးသူတို့သည် ဝမ်းမြောက်ဝမ်းသာ ရွှင်မြူးစွာ ဖြစ်ကြကုန်၏။ ငါတို့၏ အလိုဆန္ဒအတိုင်း ရလေသည်ဟူ၍ ဆန္ဒဟူသောအမည်ဖြင့် ခေါ်ဝေါ်ကြလေကုန်၏။ နောင်သောအခါ ဆန္ဒမှသည် စန္ဒ၊ ၎င်းမှ စန္ဒလမင်းဟူ၍ ခေါ်ဝေါ်သမုတ်ခြင်း ဖြစ်လေတော့သည်။

## ဩကာသလောက၌ မြင်းမိုရ်သတ္တရဘန်သီဒါစသည်တို့ ဖြစ်ပေါ်လာခြင်း

ဤကဲ့သို့ နေလစသည်တို့သည် ထင်ရှားစွာဖြစ်ပေါ်လာသော နေ့၌ပင်လျှင် မြင်းမိုရ်သတ္တရဘန် သီဒါသမုဒ္ဒရာလေးစင်း



www.burmeseclassic.com

www.burmeseclassic.com



## ကမ္ဘာဦးသူတို့အားရှေးကဖြစ်သောအစာသုံးပါးကွယ်လေသဖြင့် သလေးထမင်းကိုစား၍ ယောကျ်ားမိန်းမဖြစ်ပေါ်လာကြခြင်း

ကမ္ဘာဦးသူတို့သည် ရှေးကဖြစ်ခဲ့သော အစာသုံးပါးတို့သည် နတ်ပြဇာတ်ကဲ့သို့ မှတ်သိပ်ခြင်းကို ဖျောက်၍ များစွာသော အဟာရကိုဆောင်ကုန်၏။ ဝတ္ထုရုန့်ရင်းလေကြသဖြင့် ကျင်ကြီးကျင်ငယ် ဝစ္စမဂ်၊ ပဿာဝမဂ်၊ ပုရိသနိမိတ်၊ ဣတ္ထိယနိမိတ်၊ ယောကျ်ား၊ မိန်းမ အသွင် လက္ခဏာများ ထင်ရှားဖြစ်ပေါ်လာကြကုန်လေသည်။

## ကမ္ဘာဦးသူတို့အချင်းချင်းတပ်မက်၍ မေထုန်သံဝါသဖြစ်လာကြခြင်း

ထိုအခါ မိန်းမဖြစ်သော သူတို့သည် ယောကျ်ားတို့ကိုလည်းကောင်း၊ ယောကျ်ားဖြစ်သော သူတို့သည်လည်း မိန်းမတို့အား တပ်မက်သောအားဖြင့် ကြည့်ကြကုန်၏။ ထိုသို့ကြည့်ကြခြင်းကြောင့် ကာမရာဂစိတ်ပူပန်ခြင်းဖြစ်ကြ၍ မေထုန်မှီဝဲခြင်းဟူသော ကာယသံသဂ္ဂဖြစ်ကြကုန်၏။ ထိုသို့ သူတော်မဟုတ် သူယုတ်တို့၏အကျင့်ဖြစ်သော မှီဝဲခြင်းကြောင့် ပညာအဆင်အခြင်နှင့်ပြည့်စုံသော သူတို့သည် ၎င်းတို့အား ညှဉ်းဆဲကြကုန်လေသည်။

## ကမ္ဘာဦးသူတို့အိမ်ရာဆောက်လုပ်နေထိုင်လာကြခြင်း

ထိုကဲ့သို့ ယောကျ်ား၊မိန်းမအဖြစ် ဆက်တိုက်ပေါင်းသင်းကြလေကုန်သော သူအပေါင်းတို့သည် ဗြဟ္မစာရီစိတ်ထားရှိကြသူအပေါင်းတို့၏ ကဲ့ရဲ့မှု၊ ညှဉ်းဆဲမှုမှ ကင်းဝေးကြစေရန် လည်းကောင်း၊ သူတစ်ပါးကို မဖွယ်မရာပြုကျင့်နေကြမှုကို မမြင်ကြစေရန်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ တောတောင်တို့မှ သစ်ဝါးတို့ကို ရှာဖွေကြ၍ အိမ်ရာအတည်တကျဖြင့် လုံခြုံစွာနေထိုင်ကြလေသည်။

## ကမ္ဘာဦးသူတို့အစားအစာများကို သိုမှီးထားလာကြသဖြင့် သလေးဆန်များ အခွံဖြွေးယှက်လာကြခြင်း

ထိုကဲ့သို့ အိမ်ရာဆောက်၍ နေကြကုန်သောသူတို့တွင် တချို့သောပျင်းရိကြကုန်သောသူတို့သည် နေ့စဉ်သွားရောက် မခူးရအောင် ဒိဋ္ဌာနုဂတိသို့လိုက်၍ သလေးစပါးတို့ကို များစွာ တစ်ကြိမ်တည်းဖြင့် ဆွတ်ခူးယူကြကာ အစာသိုမှီးခြင်းကို ပြုလုပ်ကြလေသဖြင့် ထိုအချိန်မှစ၍ သလေးဆန်တို့သည် ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်းဖြစ်ကာ စပါးခွံတို့ဖြွေးယှက်လာကြကုန်၏။

စပါးပင်တို့အားရိတ်ယူရာသော အပင်တို့တွင်လည်း အသစ်တစ်ဖန် သလေးစပါး သီးလာကြမှုတို့ မဖြစ်ထွန်းမပေါ်ပေါက်ကြလေသောကြောင့် တခြားတစ်နေရာရှိကြသော အသီးရှိသော စပါးပင်တို့အား လိုက်ရှာစုဆောင်းသိုမှီးကြရလေတော့သည်။

## ကမ္ဘာဦးသူတို့အချင်းချင်းမြေတစ်ကြခြင်း

ထိုနောင်မှ ကာလကြာမြင့်လာကြသည့်အခါတွင် ကမ္ဘာဦးသူအပေါင်းတို့သည် ဆိုမြည်တမ်းတ ညည်းတွားလာကြကုန်၏။ ရှေးအခါက ငါတို့သည် ဈာန်စိတ်ဖြင့် ပြီးကုန်ကြလျက် ပီတိသာ ဆန္ဒရှိကြသည် ဖြစ်ကုန်၏။ မိမိတို့၏ ကိုယ်ရောင်ဖြင့်ထွန်းပလျက် ကောင်းကင်၌ သွားလာနိုင်ကြကုန်၏။ အစဉ်သဖြင့် ရသပထဝီ



www.burmeseclassic.com

www.burmeseclassic.com



မည်သူမဆို ဖြစ်လေရာဘဝတိုင်း သူတစ်ပါးကို ကောင်းစား ချမ်းသာရေးအတွက် ကိုယ်ကျိုးမဖက်၊ မျှော်လင့်ချက်မနှော၊ ရက်ရက် ရောရော စွန့်လွှတ်ကူညီရန်လိုပေသည်။ ထိုပါရမီအလုပ်တို့သည် မိမိ အပါအဝင် လူသားလောကတစ်ခုလုံး၏ ချမ်းမြေ့သာယာမှု၊ စည်ပင် ဝပြောမှုကို ပြုလုပ်ပေးရာရောက်သဖြင့် စွန့်လွှတ်နိုင်သလောက် မိမိ အတွက်လည်း အဆမျှားစွာ အကျိုးသက်ရောက်လာလေသည်။

ဘုရားလောင်းတော်သည် လောကတွင် ကာယ ဉာဏ မန စသည်တို့ကို အတုမရှိ စွန့်လွှတ်နိုင်ခဲ့သူဖြစ်၍ ဘုရားဖြစ်တော်မူသော နောက်ဆုံးဘဝတွင် ကာယ ဉာဏ မန စသည့် ဘာမျှလိုလေသေးမရှိ လောကတွင် အတုမရှိ အထွတ်အထိပ် ပြည့်စုံသူဖြစ်တော်မူရသည်ကို အတုယူကြကုန်ရာ၏။

www.burmeseclassic.com

www.burmeseclassic.com



## ကြည့်ခြင်းကြီး (၅) ပါး

| | | | |
|---|---|---|---|
| (၁) | ကာလ(အခါကာလ) | - | လူတို့၏အသက်တမ်း အနှစ်တစ်သိန်းမှအောက် အနှစ်တစ်ရာ အထက်၌ ဘုရားဖြစ်နိုင်သော အချိန်အခါဖြစ်သည်။ |
| (၂) | ဒီပ (ကျွန်း) | - | ကျွန်းကြီး လေးကျွန်းတွင် ဇမ္ဗူဒီပခေါ် တောင်ကျွန်း၌သာ ဘုရား ပွင့်ရိုးရှိသည်။ |
| (၃) | ဒေသ (အရပ်) | - | တောင်ကျွန်းတွင်လည်း မဇ္ဈိမဒေသ၌သာ ဘုရားပွင့်ရိုး ရှိသည်။ |
| (၄) | ကုလ (အမျိုး) | - | မဇ္ဈိမဒေသတွင် ခတ္တိယ (မင်း) မျိုးနှင့် ဗြာဟ္မဏ (ပုဏ္ဏား) မျိုးတို့၌သာ ဘုရားပွင့်ရိုး ရှိသည်။ |
| (၅) | မာတုအာယုပရိစ္ဆေဒ | - | မယ်တော်ဖြစ်မည့်သူသည် သီလ စင်ကြယ်သူ ဖြစ်၍ ဘုရားအလောင်း ဖွားပြီးနောက် (၇)ရက် ကြာလျှင် နတ်ရွာစံ ရလောက်သော အသက် နေရှိရသည်၊ သည်ထက်ရှည်လည်း မရှည်ရ။ တိုလည်း မတိုရ။ |



www.burmeseclassic.com

